NOVEL
AUTHOR TEAM

ဘာသာပြန် စာရေးဆရာ - Shwe Paji

# ပြိုင်ဘက်ကင်းတာအိုသခင်

(လုယွီ)

(Chapter 1 - 14)

စာစဉ် – ၁

# Chapter 1

## တစ်ဆယ့် ခုနစ်နှစ်ကြာ ကြိုးစားအားထုတ်ခဲ့ပြီး နွေဦးအခါ

တာလျန့်နိုင်ငံတော် လုံကျင်း(နဂါး)မြို့တော်၏အရှေ့ဘက်ခြမ်း ... စစ်နတ်ဘုရား ယဇ်ပလ္လင်

အိမ်ရှေ့စံမင်းသားက လုံကျင်းရှိ များပြားလှသော အထက်တန်းလွှာ မှူးမတ်များကိုဦးဆောင်၍ ယဇ်ပလ္လင်၌ စုဝေးရောက်ရှိနေခဲ့သည်။

မြင့်မြတ်သော တာလျန့်အင်ပါယာကို သိုင်းပညာဖြင့် အုတ်မြစ်ချ တည်ထောင်ခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့် နှစ်စဉ်နှစ်တိုင်း နွေဦးနှင့် ဆောင်းအချိန်တွင် ပွဲတော်နှစ်ခုကျင်းပကာ စစ်နတ်ဘုရားအား မပျက်မကွက် ပူဇော်ပသခဲ့ကြသည်။

"အမတ်ငယ်လေး ... ငေးငိုင်ပြီး စိုက်ကြည့်မနေနဲ့လေ ... မြန်မြန်ဒူးထောက်လိုက်"

စိုးရိမ်စိတ်များ အပြည့်ဖြင့် တုန်လှုပ်နေသော လေသံက လုယွီကို သူ၏တွေဝေ မိန်းမောနေရာမှ နိုးထလာစေ၏။

လုယွီက သူ၏မျက်လုံးများအား ဖွင့်ပြီး ပတ်ဝန်းကျင်အား စူးစမ်းလိုက်သည်။ သူက သူကိုယ်သူ အပြာရောင် ကောင်းကင်ကြီး၏အောက်တွင် မတ်တတ်ရပ်နေသည်ကို တွေ့လိုက်ရပြီး ကြီးမားသော မွန်းစတားကြီးနှင့် တူသည့် မြင့်မားသော စစ်နတ်ဘုရား ရုပ်တုကြီးက သူ၏ရှေ့တွင်ရှိနေသည်ကို မြင်လိုက်ရသည်။

"ဒီနေရာက ..."

"ဒါကဘာလဲ"

လုယွီက အထစ်ထစ် အငေါ့ငေါ့ဖြင့် မေးမြန်းမိလေသည်။

သူက စိတ်ရင်းခံဖြင့် မေးမြန်းလိုက်ခြင်း ဖြစ်သော်လည်း ပတ်ဝန်းကျင်မှ လှောင်ရယ်သံ အမြောက်အမြား ထွက်ပေါ်လာသည်။

"အမတ်ကြီးယုံဖျင်ရဲ့ အိမ်တော်ကအရူးကတော့ ရူးသွပ်မိုက်မဲမှုတွေ အတွက် အမှန်တကယ်ကို ကျော်ကြားသင့်တယ် ... သူ့ကိုယ်သူ ဘယ်နေရာကို ရောက်နေမှန်းတောင် မသိရှာဘူး"

"အဲဒီ အရူးလုယွီကတော့ အသက်ငါးနှစ် အရွယ်တုန်းက သူ့နာမည်သူတောင် မရေးနိုင်ဘူးလို့ ကောလာဟလတွေ ကြားဖူးတာပဲ ... နောက် ပုံမှန်လက်သီးထိုးချက် တစ်ခုကိုတောင် သုံးနှစ်ကြာအောင် သင်ယူခဲ့ရတာတဲ့ ... သူကတော့ အပြိုင်အဆိုင်မရှိတဲ့ အရူးကောင်ပါကွာ"

"တကယ်လို့ သူကအမတ်ယုံဖျင်ရဲ့ တစ်ဦးတည်းသောသားသာ မဟုတ်ဘူးဆိုရင် အရင်ကတည်းက လမ်းပေါ်မှာ သေနေလောက်ပြီ ... သူ့အဖေကသာ အခြေခံနယ်ပယ်ရဲ့ ပထမအဆင့်ကို အတင်းအကျပ် ဖိအားပေးပြီး ရောက်ရှိစေခဲ့ဖူးတယ် ဆိုရင် စစ်နတ်ဘုရား ယဇ်ပလ္လင်ကိုတောင်မှ ဝင်ခွင့်ရမှာမဟုတ်ဘူး"

သူက လုယွီအား အထင်အမြင်သေးစွာ ကြည့်ရင်းမှ ပြောဆိုနေခြင်း ဖြစ်သည်။ လူတစ်ယောက်ပြီး တစ်ယောက်ထံမှ လှောင်ရယ်သံများကလည်း လုယွီ၏နားများအား ပြည့်လျှံလာစေခဲ့သည်။

လုယွီ၏ဘေးဘက်ရှိ အရာရှိတစ်ယောက်ကမူ စိုးရိမ်တုန်လှုပ်စွာဖြင့် ခြေထောက်များ တုန်ရီနေရင်းမှ သူအားဒူးထောက်ရန် အားချင်းတိုက်တွန်း

နေပြီး အချိန်လွဲချော်ခြင်း မရှိစေရန် နှိုးဆော်နေလေ၏။

လုယွီက ထိုစကားများကို မကြားသလိုသာ နေပေသည်။

"ဆယ့်ခုနစ်နှစ် ကုန်ဆုံးသွားခဲ့ပြီလား ..."

"နောက်ဆုံးတော့ ငါ ... မြေအောက်လောက တာအိုသခင်က ကောင်းကင်ဘုံအင်ပါယာရဲ့ စိတ်ဝိညာဉ်ကို အပြည့်အဝ ဝါးမျိုနိုင်ခဲ့ပြီ"

"ရှန်းလင်းလုံ မင်း ဒီအကြောင်းကို တစ်ခါလောက်တောင် စဉ်းစားမိမယ် မထင်ဘူး"

"မင်းက အင်အားတွေစုစည်းပြီး တခြားတာအို သခင်တစ်ရာနဲ့အတူ ငါကို တိတ်တဆိတ် တိုက်ခိုက်ခဲ့တယ် ... ဒါပေမဲ့ ငါက ကောင်းကင်ဘုံ အင်ပါယာနဲ့အတူ သေဆုံးမသွားဘဲ သူရဲ့ဝိညာဉ်ကိုတောင်မှ ဝါးမျိုပြီး အသက်ပြန်ရှင် လာခဲ့ပြီ"

လုယွီက သူမည်သည့် အချိန်တုန်းကမျှ မမြင်ဖူးခဲ့သည့် မိုးပြာရောင် မိုးကောင်းကင်ကြီးကို မော့ကြည့်ရင်း သူ၏မျက်လုံးအတွင်းတွင် အလင်းရောင်တစ်ချက် လက်သွားခဲ့သည်။

"လုယွီ ... မင်းကအခု စစ်နတ်ဘုရား ယဇ်ပလ္လင်ကိုရောက်နေတာနော် ... ငါမင်းကိုဒီ တစ်ကြိမ် ခွင့်လွှတ်ပေးလိုက်မယ် ... ပြဿနာမရှာစမ်းနဲ့ ... မြန်မြန်ဒူးထောက်ပြီး ဝတ်ပြုဆုတောင်းစမ်း"

အိမ်ရှေ့စံ မင်းသားမှနေ၍ လုယွီအား ဆူပူအော်ဟစ်လိုက်သည်။

လုယွီက ခေါင်းမော့ပြီး အိမ်ရှေ့စံမင်းသားကို ကြည့်လိုက်ရာ သူ၏ခန္ဓာကိုယ်မှနေ၍ ရွှေရောင်အလင်းတန်းများ ထွက်ပေါ်နေခြင်းအား မြင်တွေ့ရသည်။

အိမ်ရှေ့စံမင်းသား အပြင် တခြားနုနယ်သည့် လူငယ်လေးများထံမှလည်း

တူညီသော ရွှေရောင်အလင်းတန်းများ ထွက်ပေါ်နေပေသည်။

ထိုရွှေရောင် အလင်းတန်းမှနေ၍ ဖိအားအနည်းငယ် ထုတ်လွှတ်နေသည့်အတွက် ပတ်ဝန်းကျင်ရှိ လူများက ထိုအခြင်းအရာကို ကြည့်ပြီး လေးစားနေကြပုံ ပေါ်နေသည်။

"လုယွီ ... ကြည့်နေတာ ရပ်လိုက်တော့ ... ဒီအလင်းရောင်က နတ်ဘုရားအလင်းရောင် ဖြစ်ပြီးတော့ စစ်နတ်ဘုရားရဲ့ အာရုံစိုက်ခြင်းခံရတဲ့ ပါရမီရှိတဲ့ လူငယ်တွေပဲရရှိနိုင်တာ ... ဒါက လူတစ်ဦးရဲ့ သိုင်းပညာလမ်းကြောင်းမှာ အရမ်းအကျိုးရှိတယ် ... တကယ်လို့မင်းက ငါတို့ကိုအားကျနေတယ် ဆိုရင် မြန်မြန်လာပြီး စစ်နတ်ဘုရားကို အရိုအသေပြုလေ ... စစ်နတ်ဘုရားက မင်းရဲ့အမြင်ကို ကျယ်စေပြီးတော့ နတ်ဘုရားအလင်းရောင် ချီးမြှောက်မလားဆိုတာ ကြည့်ရအောင်"

တစ်စုံတစ်ယောက်မှ လုယွီအား ကဲ့ရဲ့ပြစ်တင်လိုက်လေ၏။

ထိုစကားသံနှင့်အတူ လူတိုင်းက လုယွီအား ယခင်ကထက်ပိုပြီး လှောင်ပြောင်လိုက်ကြသည်။ လုမိသားစု၏ အရူးက စစ်နတ်ဘုရား၏အာရုံကို ဆွဲဆောင်နိုင်မည်ဟု မည်သူကမှ တွေးတောထားခြင်း မရှိချေ။

ယခုနေရာ၌ အသက်သုံးဆယ်အောက် လူငယ် တစ်ရာထက်မက ရှိနေသော်လည်း နတ်ဘုရားအလင်းရောင် ရရှိသူမှာ ဆယ်ယောက်မပြည့်ပေ။ ထိုအလင်းရောင် ရရှိသူများအားလုံးသည် ငယ်ရွယ်သော ပါရမီရှင်များဖြစ်ပြီး သူတို့၏အနာဂတ်မှာ အကန့်အသတ်မဲ့ဖြစ်သည်။

အိမ်ရှေ့စံမင်းသားက ရယ်မောခြင်းမရှိသော်လည်း သူ၏မျက်လုံးတွင် စက်ဆုပ်ရွံရှာပြီး အထင်အမြင်သေးသော ပုံရိပ်ဖြစ်ပေါ်နေသည်။ သူကလက်ကို ဝှေ့ယမ်းပြီး လုယွီအား ပြောဆိုလိုက်သည်။

"လုယွီ မြန်မြန် အရိုအသေပြုစမ်း ... အချိန်ဆွဲမနေနဲ့"

"မလိုအပ်ဘူး"

လုယွီက အိမ်ရှေ့စံမင်းသားအား တစ်ချက်ပြန်ကြည့်လိုက်ပြီး လှည့်ထွက်ရန် ပြင်ဆင်လိုက်သည်။

'ဘယ်လိုကောင်လဲ ... စစ်နတ်ဘုရားကို အရိုသေပြုဖို့ သာမန်လူတွေ မရရှိနိုင်တာကို ဒီကောင်က မလိုချင်ဘူးတဲ့လား'

အိမ်ရှေ့စံမင်းသားက လုယွီ၏ရှေ့တွင် ချက်ချင်း ပိတ်ရပ်လိုက်ပြီး အသံနက်ကြီးဖြင့် ပြောလိုက်သည်။

"လုယွီ စစ်နတ်ဘုရားကို အရိုအသေပြုတာက ငါတို့တလျှန့် အင်ပါယာအတွက် အရေးအကြီးဆုံး ကိစ္စတစ်ရပ်ပဲ ... မင်းက ပြဿနာတက်အောင် ဖန်တီးချင်နေတာလား"

လုယွီက အိမ်ရှေ့စံမင်းသားအား တည်ငြိမ်စွာကြည့်ရင်းမှ ပြောလိုက်သည်။

"မလိုအပ်ပါဘူး ... ဘာကြောင့်လဲဆိုတော့ အရိုအသေပြုဖို့ မလိုအပ်လို့ပဲ"

"ဘာကြောင့်လဲ"

"ဘာလို့လဲဆိုတော့ စစ်နတ်ဘုရားက ငါ့ရဲ့ဒူးထောက်မှုကို လက်ခံနိုင်မှာမဟုတ်လို့ပဲ"

ထိုအချိန် တစ်ခဏတွင် ဆူပူကြိမ်းမောင်းသံ တစ်သံ ထွက်ပေါ်လာသည်။

"ရှံစရာ ကောင်းလိုက်တဲ့ကောင် ... ဘယ်လို အနတ္တစကားတွေကို မင်းပြောနေတာလဲ"

စစ်ဗိုလ်ချုပ် တစ်ယောက်မှနေ၍ ဒေါသတကြီး ဆူပူကြိမ်းမောင်းခဲ့သည်။

"ဘယ်လိုတောင် ပေါက်ကရစကားမျိုးတွေ ပြောနေတာလဲ ... ဒီကောင်က

ကောင်းကင်နဲ့မြေကြီးရဲ့ ကန့်သတ်ချက်ကိုမသိတဲ့ အစစ်အမှန် အရူးတစ်ကောင်ပဲ"

"အမတ်ကြီး ယုံဖျင်က သူ့သားကို ဘယ်လိုသင်ကြား ပေးထားတာလဲ ... အရှင်မင်းမြတ် ပြန်လာတဲ့အချိန်ကျရင် ငါက သူ့ကို စွပ်စွဲအပြစ်တင်ရမှာ အသေအချာပဲ"

ပညာရှင် အနည်းငယ်က စိတ်ဆိုးလွန်းသဖြင့် သူတို့၏မုတ်ဆိတ်ရှည်ကြီးများ တုန်ခါနေရင်းမှ ဒေါသတကြီးဖြင့် လုယွီအား အပြစ်တင်လိုက်ကြသည်။

ထိုအချိန်၌ တစ်စုံတစ်ယောက်က ရုတ်တရက် နှာမှုတ်လိုက်သည်။

"ဟွန့် ... သူက သူ့အဖေ မျက်နှာပျက်မှာကို ကြောက်ပြီးမဝံ့မရဲ ဖြစ်နေတယ်ထင်တယ် ... ဟုတ်တယ်မလား ... သူ့အဖေ အမတ်ကြီးယုံဖျင်က အသက်ဆယ်နှစ် အရွယ်ကတည်းက စစ်နတ်ဘုရား ပါရမီရှင်တစ်ယောက်ပဲ ... သူ့မှာသာ အသက်ဆယ့်ခုနစ်နှစ် အရွယ်ထိ နတ်ဘုရားအလင်းရောင်မရရှိတဲ့သားသာ မွေးထားမိတယ်ဆိုရင် သူ့ရဲ့မျက်နှာထားစရာ နေရာရှိမှာမဟုတ်ဘူး"

လုယွီက ကူရာကယ်ရာမဲ့စွာဖြင့် သက်ပြင်းချရင်းမှ ပြန်လည်ပြောဆိုလိုက်၏။

"မင်းတို့က အစစ်အမှန် နတ်ဘုရားတစ်ပါး မဟုတ်သေးတဲ့ နတ်ဘုရားစည်းတံဆိပ် နှိပ်ထားတဲ့ ရုပ်တုကို အရိုအသေပြုနေကြတာ ... ဒါပေမဲ့ မင်းတို့က ငါ့ကိုတကယ်ကိုပဲ အရိုအသေ ပြုစေချင်နေကြတာလား"

သို့ရာတွင် လုယွီက ချက်ချင်းဆိုသလိုပင် သူ၏ဦးခေါင်းကို ခါယမ်းလိုက်သည်။

"တကယ်လို့ ဒါကြီးက အစစ်အမှန်စစ်နတ်ဘုရား ဆိုရင်တောင်မှ ငါက တစ်ယောက်ထက်မက ပိုပြီး သတ်ဖြတ်ခဲ့ဖူးတယ် ... ငါက သူ့ကို အရိုအသေပြုလိုက်မယ် ဆိုရင် ကောင်းကင်ဘုံက သည်းခံလိမ့်မယ်မထင်ဘူး"

လုယွီ၏စကားများကို ကြားလိုက်သူတိုင်းက သူသည် အဓိပ္ပာယ် မရှိသော စကားများပြောဆိုသည့် အရူးတစ်ယောက်ဟု ထင်မှတ်ထားကြသည်။

လုယွီအားကြည့်နေသော အိမ်ရှေ့စံမင်းသား၏ မျက်နှာက နီရဲလာခဲ့သည်။

"ဒါက အမတ်ကြီးယုံဖျင်ရဲ့ အိမ်တော်က သင်ကြားပေးထားတာတွေလား ... မင်းကလုံကျင်းမြို့တော်ရဲ့ အမျိုးသားတပည့် တစ်ယောက်ပဲ ... မင်းက အရိုအသေမပြုဘူးဆိုရင် အမတ်ကြီးယုံဖျင် မျက်နှာပျက်ရမှာ ... မင်းအဖေပြန်လာတဲ့ အချိန်ကျရင် အရှင့်ကို ဘယ်လိုရှင်းပြမလဲ ဆိုတာ ငါစောင့်ကြည့်မယ်"

ဤကဲ့သို့ ကိစ္စမျိုးလဲ အမှန်တကယ် ရှိသေးသလော။

လုယွီက မျက်မှောင်ကြုတ်လိုက်ပြီး စကားမပြောခင် အချိန်အတန်ကြာ တိတ်တိတ်ဆိတ်ဆိတ် စဉ်းစားပြီးလိုက်သည်။

"ငါက သူ့ကိုအရိုအသေပြုနိုင်တယ် ဒါပေမဲ့ ဒူးထောက်ဖို့ ဆိုတာကတော့ အမှန်တကယ်မဖြစ်နိုင်ဘူး"

အိမ်ရှေ့စံမင်းသား၏ အမူအရာက အနည်းငယ် ကောင်းမွန်လာသည်။ မည်သို့ပင်ဖြစ်စေ အချိန်လွဲချော်မှု မဖြစ်စေရန်အတွက် သူ၏စိတ်ထဲမှနေ၍ လုယွီအား အရိုအသေပြုစေချင်ပေသည်။ ထို့ကြောင့် အိမ်ရှေ့စံမင်းသားက တိတ်တဆိတ်နေရန် ရွေးချယ်လိုက်သည်။

လုယ္ဒီက အရာရှိထံမှ အမွေးနံ့သာတိုင်ကိုယူပြီး မီးညှိ၍ မတင်လိုက်တော့သည်။ ထို့နောက် သူကစစ်နတ်ဘုရား ရုပ်တုရှေ့သို့ လျှောက်သွားပြီး ကြေးနီအိုးအတွင်းတွင် နံ့သာတိုင်ကို စိုက်လိုက်သည်။

လေထုအတွင်းတွင် အစိမ်းရောင်မီးခိုးငွေ့များ ထွက်ပေါ်လာပြီး လုယ္ဒီ၏ပုံရိပ်အား မှုန်ဝါးသွားစေခဲ့သည်။ မြင့်မားသော ရုပ်တုကြီး၏ရှေ့တွင် လုယ္ဒီက အလွန်အမင်း သေးငယ်စွာဖြင့် ထွက်ပေါ်လာပေသည်။ သူထံ၌ မည်သည့်ပြောင်းလဲမှုမှ ဖြစ်ပေါ်လာခြင်းမရှိပေ။ စူးစမ်းချင်စိတ် အပြည့်ဖြင့် သူ့အား ကြည့်ရှု နေကြသူများက လှောင်ပြောင်ပြောဆို လိုက်ကြတော့၏။

"ဒါအမှန်တရားပဲလေ ... မိဘတွေရဲ့အောင်မြင်မှုကို မှီခိုပြီး ဂုဏ်သရေနဲ့ ချမ်းသာကြွယ်ဝမှု ရရှိနေတဲ့ကောင်က စစ်နတ်ဘုရားရဲ့ အာရုံစူးစိုက်မှုကို ဘယ်လိုရမှာလဲ"

လူတချို့က တစ်ကြိမ်ပြီးတစ်ကြိမ် လှောင်ပြောင်သရော် နေကြပေသည်။

များပြားလှသော ကဲ့ရဲ့ပြစ်တင်နေသည့် အကြည့်များအောက်မှနေ၍ လုယ္ဒီက ထွက်ခွာလာခဲ့တော့၏။

သို့ရာတွင် လုယ္ဒီပထမဆုံး ခြေလှမ်းလှမ်းပြီးနောက် မကြာခင်မှာပင် သူ၏နောက်မှနေ၍ ကျယ်လောင်သော အသံတစ်သံ ထွက်ပေါ်လာသည်။

ဘုန်း

ကမ္ဘာကြီးတစ်ခုလုံး ပျံ့နှံ့သွားစေသော အသံသည် နေရာအနှံ့ ပဲ့တင်ထပ်ထွက်ပေါ်လာခဲ့သည်။

ရတ်တရက် ကောင်းကင်ယံမှနေ၍ ရွှေရောင်အလင်းတန်းများ တောက်ပလာလေ၏။ ထိုထွက်ပေါ်လာသော အလင်းတန်းသည် အံ့သြဖွယ် ကောင်းလောက်အောင် ထူးခြားလင်းလက်နေပြီး လူတိုင်းအား တုန်လှုပ်သွား

စေသည်။

"အဲဒါကဘာလဲ"

"ဒါက နတ်ဘုရား အလင်းတန်းလား ... မဖြစ်နိုင်ဘူး ... နတ်ဘုရား အလင်းတန်းက ဒီလိုအသံကြီး ဘယ်လိုလုပ် ထွက်လာနိုင်မှာလဲ"

လူတိုင်း အံ့အားသင့်စွာဖြင့် မတုံ့ပြန်နိုင်ခင်မှာပင် လုယွီကဒုတိယ ခြေလှမ်းကို လှမ်းလိုက်သည်။

ကျယ်လောင်သောအသံကြီး ထပ်မံ ထွက်ပေါ်လာပြီးနောက် မကြာမီမှာပင် မြေပြင်ကပြင်းပြင်းထန်ထန် တုန်လှုပ်လာပေသည်။

ယဇ်ပလ္လင်၏ မျက်နှာပြင်ပေါ်တွင် အက်ကွဲကြောင်းကြီးများ စတင်ထွက် ပေါ်လာပြီး မြေပြင်အနှံ့သို့ ပျံ့နှံ့သွားခဲ့သည်။

ကြည်လင်နေသော မိုးကောင်းကင်သည်လည်း ရုတ်တရက် တိမ်မည်းများ ဖုံးအုပ်လာခဲ့သည်။

လေအေးများက တိုက်ခတ်နေဆဲဖြစ်၏။ ရုတ်တရက် တိမ်မည်းများမှ နေ၍ အနည်းငယ်ထူထဲသော မိုးကြိုးတစ်စင်း ကျဆင်းလာခဲ့သည်။

ရှုးသွပ်နေသော နဂါးအော်သံမျိုးနှင့်အတူ စစ်နတ်ဘုရား၏ ရုပ်တုပေါ်သို့ မရေမတွက်နိုင်သော မိုးကြိုးများ ရိုက်ခတ်ကျဆင်းလာသည်။

ဘုန်း

ဘုန်း

ဘုန်း

မြင့်မြတ်သည့် လျှန့်အင်ပါယာ၏ အမှတ်သင်္ကေတဖြစ်သော စစ်နတ် ဘုရားရုပ်တုသည် မိုးကြိုးပစ်ခတ်ခြင်းအား ခံနေရသည်။

မူလက ကြည်လင်ရှင်းလင်းပြီး တိမ်ကင်းစင်နေသော ရာသီဥတုသည်

ရုတ်တရက် မရေမတွက်နိုင်သောမိုးကြိုးများ ရိုက်ခတ်လာခဲ့သည်။ ထို မိုးကြိုးများက သတ်မှတ်ထားသည့် အလား စစ်နတ်ဘုရား၏ ရုပ်တုပေါ်သို့သာ ရက်ရက်စက်စက် ရိုက်ခတ်နေပေ၏။

လက်ဖက်ရည်တစ်ခွက်စာ ပြင်ဆင်ချိန် အတောအတွင်းမှာပင် စစ်နတ်ဘုရားရုပ်တုသည် ပြိုလဲလုနီးပါး ဖြစ်လာခဲ့သည်။

စစ်နတ်ဘုရားရုပ်တု၏ ခြေထောက်နှစ်ဖက်သည် ပြင်းထန်သော မိုးကြိုးဒဏ်ကြောင့် ရှေ့သို့ကွေးညွတ် လာရသည်။ မျက်တောင်တစ်ခတ်စာ အချိန်အတွင်းမှာပင် ကြေးနီရုပ်တုကြီးသည် ဒူးထောက်လျက်သား ဖြစ်သွားခဲ့သည်။

လေထုအတွင်းတွင် မီးခိုးနှင့်ဖုန်မှုန့်များ ပြည့်နှက်လာပြီး လူတိုင်း၏မျက်နှာသည် ဖြူရော်နေပေ၏။

"မိုးကြိုးအပြစ်ဒဏ် ... ဒါကမိုးကြိုး အပြစ်ဒဏ်ပဲ"

"ဒါက မိုးကောင်းကင်ရဲ့ အလိုဆန္ဒလား ... မဖြစ်နိုင်ဘူး ... ငါတို့ရဲ့ မြင့်မြတ်တဲ့ လျန့်နိုင်ငံတော်က အခုချိန်မှာ ရှင်သန်နေတာ ... ဘယ်လိုလုပ် ဒီလိုမြင်ကွင်းမျိုး ဖြစ်ပေါ်နိုင်မှာလဲ"

လူအုပ်ကြီး အထိတ်တလန့် ဖြစ်နေချိန်တွင် ရုပ်တုကြီး ဒူးထောက်နေစေသာ နေရာသည် လုယွီရှိသောနေရာ ဖြစ်စေကြောင်း တစ်စုံတစ်ယောက်က သတိပြုမိသွားသည်။

ဖြစ်နိုင်တာက ဤအရာကို လုယွီလုပ်ခဲ့သလော။

စစ်နတ်ဘုရား ရုပ်တုက လုယွီအား ဒူးထောက်နေသလော။

"ဒါက ကြေးဝါရုပ်တုကို တာဝန်ယူတည်ဆောက်တဲ့ ဝန်ကြီးဌာနက ငွေကြေးကို အလွဲသုံးစားလုပ်တာ ဖြစ်နိုင်တယ် ... သူတို့က လိမ်လည်

လှည့်ဖြားပြီး အရည်အသွေးညံ့ဖျင်းတဲ့ ကြေးဝါတွေကိုသုံးပြီး ငါတို့ကို လှည့်စားခဲ့တာ"

"ငါတို့ပြန်ရောက်တာနဲ့ အဲဒီလူတွေကို အသေအချာကို အပြစ်ပေးခိုင်းရမယ်"

လုယွီက ဤအဖြစ်အပျက်၏ နောက်ကွယ်ရှိ လက်သည်တရားခံဖြစ်သည်ဟု မည်သူကမျှ မယုံကြည်ကြချေ။ လုယွီကဲ့သို့ အရူးတစ်ယောက်၏ရှေ့တွင် စစ်နတ်ဘုရားက ဒူးထောက်မည် ဟူသည်မှာ မည်သို့ဖြစ်နိုင်မည်နည်း။

မည်သို့မျှမဖြစ်နိုင်ပေ။ ထိုအရာက မည်သို့မျှမဖြစ်နိုင်သော စိတ်ကူးယဉ်မှုသက်သက်သာ ဖြစ်ပေမည်။

သို့ရာတွင် သူတို့၏ရှေ့မှောက်ရှိ စစ်နတ်ဘုရားရုပ်တုက လုယွီအား ဒူးထောက်နေသည့် မြင်ကွင်းမှာ တုန်လှုပ်ဖွယ် ကောင်းလှပေသည်။

ပြိုလဲကျနေသော စစ်နတ်ဘုရား ယဇ်ပလ္လင်အားကြည့်ပြီး လုယွီကလူအုပ်ကြားမှ တိုးဝှေ့ထွက်လာခဲ့သည်။

"လုယွီ မင်းဘယ်သွားမလို့လဲ"

အိမ်ရှေ့စံမင်းသားက အော်ဟစ်လိုက်သည်။

လုယွီက သူ့အားပြန်လှည့်ကြည့်ပြီး တည်ငြိမ်အေးဆေးသော လေသံဖြင့် ပြန်ဖြေလိုက်လေ၏။

"ငါမပြန်ရတာ ဆယ့်ခုနစ်နှစ် ရှိနေပြီ ... အိမ်ကိုပြန်ပြီး ငါ့မိသားစုကို သွားတွေ့မလို့"

လူတိုင်းက တစ်ခဏတာ အံ့အားသင့်သွားကြပြီးနောက် ရယ်မောလိုက်ကြသည်။ ယခင်ကရှိနေသော သူတို့၏စိတ်အတွင်းမှ သံသယများသည်လည်း ပါးလွှာသောလေထုနှင့်အတူ ပျောက်ကွယ်သွားတော့သည်။

ထိုအဖြစ်အပျက်က တိုက်ဆိုင်မှုသက်သက်သာ ဖြစ်နိုင်ပေသည်။

ကြည့်ရပုံမှာ အရှုးတစ်ယောက်က အစဉ်အမြဲ အရှုးသာဖြစ်ပေမည်။ လုယ္ဘိက ယခုနှစ်တွင် အသက်တစ်ဆယ့်ခုနစ်နှစ်သာ ရှိသေးသည်။ သူက အိမ်မပြန်ရခြင်းသည် တစ်ဆယ့်ခုနစ်နှစ်ရှိပြီဟု ပြောဆိုနေခဲ့သည်။ သူက အမတ်ကြီးယုံဖျင်၏ အိမ်တော်မှ ယခုနံနက်ခင်းကမှ ထွက်လာခြင်း မဟုတ်သည့်အတိုင်းပင်။

"ကြည့်ရတာတော့ သူက နတ်ဘုရားအလင်းတန်းကို မရရှိလို့ဒီနေရာမှာ မျက်နှာပြစရာ မရှိတော့ဘူးထင်တယ် ... ဒါကြောင့် သူကအိမ်ကိုပြန်ချင်နေတာ"

တစ်စုံတစ်ယောက်က လေးနက်သည့်လေသံဖြင့် ဝင်ရောက်ပြောဆိုခဲ့သည်။

လုယ္ဘိ၏နောက်ကျောကို ကြည့်နေသော အိမ်ရှေ့စံမင်းသား၏ မျက်လုံးအတွင်းတွင်သာ သံသယအရိပ်အယောင် တစိုးတစိ ထင်ဟပ်နေသည်။ သို့ရာတွင် ပတ်ဝန်းကျင်မှ ဆူညံသံများနှင့်အတူ ထိုသံသယများသည်လည်း သဲလွန်စမကျန်အောင် ပျက်ပြယ်သွားတော့သည်။

***